
စိုးမိုး စာပေ
လုံးချင်းဝတ္ထုသစ်
ဆုလေးနှယ်
(ရန်ကုန်တက္ကသိုလ်)
ကိုယ်မညာတော့ဘူး
L လင်း

"ဘုရားသခင်၏ ကောင်းချီးမင်္ဂလာသည် ကမ္ဘာသူ ကမ္ဘာသားအား လုံး အပေါ် ပြည့်စုံချမ်းမြေ့ငြိမ်းအေးစွာ ကျရောက်ပါစေသော်ဝ် အာမင်"

အဖြူရောင်ပါးပါးလွင်လွင် ပဝါကလေးကို လွှမ်းထားသော ခြိမ့်ခြိမ့်သဲက မျက်ဝန်းလေးမှိတ် အာရုံပြုကာ သခင်ယေရှု ဘုရားသခင်ထံ ဝတ်ပြုဆုတောင်းလိုက်ပါသည် ။

သူမရဲ့ စိတ်တွေကလည်း ကြည်လင်လန်းဆန်းလို့ နေပါသည် ။

များ မကြာမီ ခရစ္စမတ်နေ့ ကျရောက်တော့မည်။

ဒီဇင်ဘာရဲ့ နေ့ရက်ကလေးတွေဟာ စိတ်လှုပ်ရှားကြည်နူးဖွယ်ကောင်းသည် ဟု ခြိမ့်သဲ ထင်မိသည် ။

အရင်ကတည်းကလည်း တနင်္ဂနွေရဲ့ မနက်ခင်းတိုင်းမှာ ခြိမ့်ခြိမ့်သဲနှင့် ယွန်းနီအိမ်တို့ နှစ်ယောက်သား ဤလမ်းကလေးရဲ့ အတွင်းပိုင်းမှာရှိတဲ့ ချာ့ချ်ကလေးဆီ အတူလျှောက်လာ၍ ဝတ်ပြု ဆုတောင်းနေကျဖြစ်ပါသည် ။

ငြိမ်းချမ်းသော ဓမ္မတေးသံများကို ပြိုင်တူညီညာ သီဆိုရတာဟာ အလွန်စိတ်ချမ်းမြေ့စရာ ကောင်းသည် ။

သူမတို့ နှစ်ဦးသည် ဆုတောင်းခြင်းဖြင့် ကျေးဇူးတော်ကို ခံယူကြသည် ။

ဆန်းဒေးတိုင်းမှ မပျက်မကွက် ချာ့ချ်ကျောင်းလေးသို့ရောက်လာတ

တ်စမြဲ။

ခြိမ့်သဲက အဖြူပေါ်အနက် စပေါ့သေးသေးလေးတွေပါတဲ့ အစပျော့ပျော့အိအိ နူးညံ့ညံ့လေးကို အလွှာပါးလေးတွေ ထပ်ထားတဲ့ ပုံစံမျိုးနှင့် ချုပ်ထားတဲ့ ဂါဝန်လက်ဖောင်းလေးကို ဝတ်ထားသည် ။ အဖြူရောင် ပဝါလှလှလေးကို လည်မှာ ဖွဖွစည်းနှောင်ထားခဲ့သည် ။

ယွန်းနီအိမ်ကတော့ စတော်ဗယ်ရီရောင် စကတ်အရှည်နှင့် အင်္ကျီလက်ရှည် ပုံရိုးရိုးလေးကို ဝတ်ထားသည် ။ သူမရဲ့ ပဝါက အနီရောင်ပါးပါးလွှာလွှာလေးမို့ ဘေးတိုက်မျက်နှာလှလှလေးကို ထွင်းဖောက်မြင်နေရသည် ။

ယွန်းနီမျက်နှာလေးက ပါးဖောင်းဖောင်း၊ နှာတံစင်းစင်းနှင့် ချစ်စရာခပ်သေးသေး မျက်နှာလေး ဖြစ်ပြီး ခြိမ့်သဲကတော့ ဘဲဥပုံမျက်နှာပြင်ကျယ်ကျယ်မှာ ထူတန်းလှပပြီး အချိုးကျသော သဘာဝမျက်ခုံးနှင့် အတူ စိန်ပွင့်လေးကို တဖျတ်ဖျတ်ခတ်ကာ အရောင်လဲ့ဖြာသော မျက်ဝန်းလေးကို ပိုင်ဆိုင်သည် ။ ပန်းနုရောင်ဖျော့ဖျော့နှုတ်ခမ်းလေးမှာ ပွင့်အာတော့မည့် နှင်းဆီငုံကလေးနှင့် တူလှသည် ။

သူမမျက်နှာမှာ ဆန်းကြယ်သော ညှို့ဓာတ်တစ်မျိုးရှိသည် ။

မျက်နှာမှာ ဖြူနုရုံမျှမကဘဲ မီးထိုးထားသလို အလင်းဓာတ်လဲ့လဲ့လေးပင် ဖြာကျနေသေးသည် ။

ကြည့်လိုက်တိုင်း မျက်နှာလေးက ကြည်လင်နူးညံ့နေသည် ။ နှုတ်ခမ်းလေးက မပြုံးပါဘဲ ပြုံးတော့မလို ချိုသာနေတာ။ အလိုလိုနေရင်းပင် တင်းမာခက်ထန်ရိပ်တွေ မရှိဘဲ ပန်းလေး တစ်ပွင့်လို ဖြူစင်အပြစ်ကင်းနေတာ။

ပြောရမည်ဆိုလျှင် ဒါဟာ သူမရဲ့ ရင်တွင်းက မေတ္တာဓာတ် အရင်းခံလေးကြောင့်ဟု ဆိုရမည်ထင်သည်။

ခြိမ့်ခြိမ့်သဲသည် အေးငြိမ်းသော ဟန်ပန်လေးရှိသော်လည်း တစ်ခုခုကို မကျေနပ်လျှင် အင်မတန် စိတ်မှတ်ကြီးပြီး ခေါင်းမာတတ်သည်။

ဒါဟာ သူမရဲ့ ပြင်မရသော အကျင့်လေးတစ်ခုဖြစ်သည်။

တစ်ခါတလေမှာ လည်း သူမက ကိုယ်ဖြစ်ချင်သလို မဖြစ်ရလျှင် ခပ်ပြုံးပြုံးလေးနှင့် လောကကြီးကို စိန်ခေါ်အရွဲ့တိုက်တတ်သေးသည်။

ငယ်ရွယ်သော မိန်းကလေးပီပီ အချစ်ရေးနှင့် ပတ်သက်လျှင် စိတ်တိုင်းမကျ ဖြစ်ရတာကို သည်းမခံချင်။ မေတ္တာရေးရာနှင့် ပတ်သက်လျှင် သူမက အမြဲတမ်း ကံကောင်းသူဖြစ်ချင်သေးသည်။

ဘုရားရှိခိုးကျောင်းကလေးထဲက အတူတူထွက်လာသော မိန်းကလေးနှစ်ယောက်ကို လမ်းထဲသို့ အခုမှ ဝင်လာသော ကားတစ်စီးက လာကြိုသည်။

ကားကို သူမတို့ လျှောက်လာရာ လမ်းနံဘေးမှာ တံ့ခနဲ ရပ်လိုက်သည်။

"တီ ... တီ"

သူ ဟွန်းသံပေးလျှင် အဖြူရောင်ကောင်မလေးရော စတော်ဗယ်ရီရောင် ကောင်မလေးရော နှစ်ယောက်သား တစ်ပြိုင်နက် မျက်စောင်းရွယ်၏။

"ဟိတ် ... တက်လေ၊ ဘာကြည့်နေတာလဲ၊ ဘရိတ်ဖတ်စ်သွားစားကြရအောင်"

သူတို့ သုံးယောက်ဟာ တစ်ပတ်မှာ နှစ်ရက်လောက်တော့ မနက်ခင်းဆို အတူမုန့်စားနေကျ။

ဒီမနက်မှ သာ ဂုဏ်ရှိန်ရောင်က လှစ်ခနဲပျောက်သွားတာ။

သို့သော် ချာ့ချ်အဆင်းမှာ သူမှီအောင်ရောက်လာခဲ့တာမို့ ခြိမ့်သဲနှင့် ယွန်းနီမှာ သူ့ကို စိတ်မဆိုးသာ။

ကားပေါ်တက်ဖို့ ပြင်တော့ ယွန်းနီနှင့် ခြိမ့်သဲက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ရသေးသည် ။

နှစ်ယောက်လုံး နောက်ခန်းမှာ ထိုင်လျှင် သူက မကျေမနပ် စူပုပ်နေဦးမည်။

သူ့ကို ဒရိုင်ဘာသဘောထားတယ်ဟု စကားနာထိုးပါလိမ့်မည်။

ဒီတော့ တစ်ယောက်တလှည့် ရှေ့ခန်းမှာ ထိုင်ရသည် မဟုတ်လား။

ခြိမ့်သဲက နောက်ခန်းတံခါးဖွင့်သောအခါ ယွန်းနီက ကားရှေ့မှ ပက်ကာ ဂုဏ့်နံဘေးမှာ ဝင်ထိုင်ရလေသည် ။

ဂုဏ်ကတော့ တစ်ချက်လှည့်ကြည့်ကာ ခပ်အေးအေးကားကို မောင်းထွက်လိုက်ပါသည် ။

*****